# Highlights from DVB Debate's Analysis on 21st Century Peace Conference Show

## June 10, 2017

## "What's the impact of 2nd Panglong Peace Conference?"

"ညီလာခံကထွက်လာတဲ့ သဘောတူညီချက် ၃၇ ချက်ဟာ တနိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံတဲ့ ဆွေးနွေးသဘောတူညီမှု အချက် ၃၇ ချက်ဖြစ်ပါတယ်။ ညီလာခံတက်ရောက်သူတွေက ကျနော်တို့ ဒါလိုချင်တယ်ဆိုပြီး ပြောလို့ ထည့်ထားတဲ့အချက်တွေ မဟုတ်ပါဘူး။"

ဒေါက်တာ အင်ဒရူး ငွန်ကျုံးလျန် - အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး စင်တာ၊ ဥပဒေ အတိုင်ပင်ခံ

---

"အန်စီအေရဲ့ အစမှာ လမ်းကြောင်းမှာ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ ပါဝင်မှုနဲ့ စခဲ့တယ်လို့ ပြောလို့ရတယ်။ စာချုပ်ရေးခဲ့ချိန်မှာ အားလုံးပါဝင်ခဲ့တယ် ဒီစာချုပ်ကို ဦးတည်ပြီး ကိုင်ပြီးမှ သွားသင့်တယ်လို့ မြင်ပါတယ်"

ဒေါ်စောမြရာဇာလင်း - ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ

---

"ညီလာခံမှာ ဆုံးဖြတ်ချက်ချခဲ့တဲ့ အပိုင်းတွေရှိတယ်။ နိုင်ငံရေးအစုအဖွဲ့ဆွေးနွေးမှုမှာတော့ ဆုံးဖြတ်ချက် မပေးလိုက်ဘူးလို့ ပြောလို့ရတယ်။ နိုင်ငံရေးပါတီတွေအနေနဲ့ သူတို့ ဆုံးဖြတ်ချက်မပေးလိုက်ရတဲ့ အကြောင်းက အဓိကက အချိန် ကြောင့်"

မင်းဇေယျာဦး - ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး အဖွဲ့ဝင်

---

"အားလုံးပါဝင်ရေး all inclusive ဆိုတဲ့ စကားရပ်ကို ကျနော်တော့ မကျေလည်ဘူး လက်တွေ့သိပ်မကျဘူးလို့ပဲ ပြောချင်တယ်"

ဦးကျော်ဝင်း - စာရေးဆရာ

---

"နိုင်ငံတော်ရဲ့ နယ်မြေကနေ မည်သည့်အခါမှ ခွဲမထွက်ရ ဆိုတဲ့အချက်နဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ကို ချိတ်ဆက်နေတဲ့ package သဘောတူထားချက်တွေ ပါတယ်လို့လည်း ကြားတယ်. နယ်မြေက ခွဲထွက်မယ်ဆိုရင် ကိုယ်ပိုင်ပြဌာန်းခွင့် သဘောတူညီချက်ကလည်း အလိုလို ပျက်သွားမယ် ပက်ကေ့ချ် သဘောတူညီမှုမျိုး လို့ သိရတယ်"

ဦးကျော်ဝင်း - စာရေးဆရာ

---

"တိုင်းရင်းသားလက်နက်ကိုင်တွေရော တိုင်းရင်းသားပါတီတွေရော ဒီညီလာခံမှာ ခွဲထွက်ခွင့်ကို ဆွေးနွေးခဲ့တာ မရှိပါဘူး"

မင်းဇေယျာဦး - ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး အဖွဲ့ဝင်

---

"ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ခွဲထွက်ခွင့်က ညီလာခံမှာ အတော်လေး ညှိမရတဲ့ စကားလုံးတွေဖြစ်သွားတယ်ဗျ"

ဒေါက်တာ အင်ဒရူး ငွန်ကျုံးလျန် - အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး စင်တာ၊ ဥပဒေ အတိုင်ပင်ခံ

---